ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသောအရွယ်၌ ပညာရှိသောသူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့။ Thursday, 12 June 2025 ၁၁၈၄၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျောင်းသား ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ရေး ဆောင်ရွက်

## ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့်အတွေးအမြင်များ သင်ကြားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍ မြင့်မားရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ဆင်လမ်းရေလှောင်တမံ ရေပိုမိုသိုလှောင်ထားရှိနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိကြပြီး ပြင်ဦးလွင်ဒေသ ရေဖူလုံရေးအတွက် ရေလှောင်တမံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေလွှမ်းခြုံပေးဝေနိုင်မည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

“မိုးတိမ်”တဲ့လား၊ နိုးနိုးကြားကြား သတိထား

ဆောင်းပါး

စာမျက်နှာ » ၇

သွင်းအားစုများ ပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

စာမျက်နှာ » ၈

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်-၃/၂၀၂၄ အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသော ဆန် ၁၅၇၅ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်

စာမျက်နှာ » ၉

ကြေးမုံ

# ကူးစက်ရောဂါကြိုတင်ကာကွယ်ရန် ကာကွယ်ရေးနည်းလမ်းများလိုက်နာ

ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ဇွန်လ ၁ ရက်နေ့ ည ၈ နာရီမှ ဇွန်လ ၈ ရက်နေ့ ည ၈ နာရီအထိ ရက်သတ္တတစ်ပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၁၅၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁ ဦးကိုတွေ့ရှိကြောင်း ဇွန်လ ၉ ရက်နေ့ ည ၈ နာရီတွင် သတင်းထုတ်ပြန်ခဲ့သည်။

ရက်သတ္တတစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၄၄ ရာခိုင်နှုန်းရှိပြီး အစီရင်ခံသည့်ကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူလူနာမရှိကြောင်း သိရှိရသည်။ လတ်တလောတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးမှုမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ကြရန်လိုပါသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေ မြင့်မားသည့် အသက်အရွယ်အုပ်စုများမှာ အသက် ၆၀ အထက် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များ ဖြစ်တတ်သဖြင့် အဆိုပါအသက်အရွယ်အုပ်စုများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားရန်လိုအပ်သဖြင့် နီးစပ်ရာကျန်းမာရေးဌာနများတွင် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ရာ ကာကွယ်ဆေးထိုးနှံမှုကိုခံယူကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် ရောဂါဘယကင်းစင်ရေးသည် အရေးကြီးသည်။ ရောဂါကင်းဝေးရေးအတွက် တစ်ကိုယ်ရေကျန်းမာရေးနှင့် ကာကွယ်ဆေးများ ထိုးနှံထားရန်လိုအပ်သည်။ ယခုလို မိုးရာသီကာလတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားပါသည်။

လတ်တလောတွင် မြန်မာနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ အသွင်ပြောင်းအိုမီခရွန်ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိရာ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွားသေဆုံးမှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ပေါ့ပေါ့ဆဆ ပြီးပြီးလွယ်လွယ်နေ၍မဖြစ်ပါ။ ရောဂါဟူသည် မည်သည့်ရောဂါမျှ ကောင်းသောလက္ခဏာမဟုတ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်၊ ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် သတိပြုလိုက်နာရမည့်အချက်များကို အလေ့အထတစ်ခုအနေဖြင့် မပျက်မကွက် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

လတ်တလောတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာရှိသူများအနေဖြင့် မိမိမှ အခြားသူများကို ကူးစက်ခြင်းမရှိစေရန်အတွက် လူထူထပ်သောနေရာများသို့ အသွားအလာပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျတပ်ဆင်ရန်လိုအပ်ပါသည်။ ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိချိန်၌ ချောင်းဆိုးပါက လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်းကို ပြုလုပ်သင့်ပါသည်။ ရောဂါလက္ခဏာ ပြင်းထန်ဆိုးရွားပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနများသို့ ချက်ချင်းပြသ၍ ဆေးကုသရန်လိုအပ်ပါသည်။

လူတိုင်းပြင်ပသို့သွားလာပြီးသည့်အခါတွင်လည်းကောင်း၊ အညစ်အကြေးစွန့်ပြီးချိန်၊ အစားအသောက်စားသောက်မည့်အခါတွင်လည်းကောင်း တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် မိမိလက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောခြင်းကို စနစ်တကျပြုလုပ်ရန်လိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်း၊ ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ကာကွယ်ဆေးထိုးနှံထားရန် အရေးကြီးပါသည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာများပြင်းထန်မှုနှင့် အသက်ဆုံးရှုံးခြင်းတို့မှ ထိရောက်စွာကာကွယ်နိုင်ရန်အတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံကြရန်နှင့် ပြည်သူများအနေဖြင့် တစ်ကိုယ်ရေကျန်းမာရေးအလေ့အထကောင်းများကို စနစ်တကျ မပျက်မကွက်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပေါင်မြို့နယ်၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ



ပေါင် ဇွန် ၁၁

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ၂၀၂၄ ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သံဃနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက ဩဝါဒကထာ ချီးမြှင့်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ဘွဲ့တံဆိပ်တော်များနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ၂၀၂၄ ခုနှစ် စာအောင်သံဃာတော် ပထမကြီးတန်းအောင် တစ်ပါး၊ ပထမလတ်တန်းအောင် လေးပါး၊ ပထမငယ်တန်းအောင် အပါး ၂၀၊ အခြေပြုမူလတန်းအောင် အပါး ၇၀ စုစုပေါင်း ၉၅ ပါးတို့အား ဘွဲ့တံဆိပ်နှင့်ဆုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ၍ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဇွန် ၁၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၁ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီ မီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၆၀၀ | ၁,၆၆၀ | ၁၀,၉၆၁,၂၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၅၃ | ၁၅၆,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၆၅ | ၄၇၄,၅၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၆,၃၁၈ | ၁၁,၆၈၈,၃၀၀ |
| TMH | ၂,၈၅၀ | ၂,၉၀၀ | ၈၀ | ၂၂၉,၅၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၄၃၀ | ၆၉၇,၀၀၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၇၂ | ၂၈၇,၆၀၀ |
| MAEX | ၃,၁၀၀ | ၃,၀၅၀ | ၁၁၀ | ၃၃၈,၅၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ ဆင်လမ်းရေလှောင်တမံတွင် ကြည့်ရှုစစ်ဆေးစဉ်။

❂ ရှေ့ဖုံးမှ

အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရေလှောင်တမံ အတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ချုပ်မှူ တာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှု အခြေအနေများ၊ ကျောင်းစာကြည့်တိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**"အမျိုးသားစည်းကမ်းအစစာသင်ကျောင်း"က ဟူသည့်ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းစုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်း" ကဟူသည့်အတိုင်း ကျောင်းသား ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးအတွက်ကိုလည်း သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်း အချက်အလက်များ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ပြီးလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များအား မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့် အချိန်များသဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဖူးသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ မြင့်မားစေရေးတို့အတွက်လည်း ဆရာ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း။

မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို

❖ **မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်**

❖ **အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေ**

❖ **ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ယပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်**

သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့်လူမှုဘဝကို ရရှိစေမည်ဖြစ်ကြောင်း။

ကျောင်းစာကြည့်တိုက်နှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်နှင့် ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊ စာပေများ မထားရှိရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ သုတ၊ ရသ စာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာအတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာအား စာအုပ်စာပေများဖတ်ရှုခြင်းမှရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည် ဖြစ်သကဲ့သို့ မိမိတို့ ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ဆရာ ဆရာမ များအား တွေ့ဆုံ၍ အမှာစကား ပြောကြားစဉ်။



❂ စာမျက်နှာ ၃ မှ

ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ၊ ထောက်ပံ့ကြေးများ၊ ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျေပွန်စွာ၊ အာရုံစူးစိုက်မှု အပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလို၍ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများ၊ မွေးမြူရေးအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် စက်မှုနည်းပညာ စာသင်ခန်းများအတွင်း သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ပြင်ဦးလွင်ဒေသ သန့်ရှင်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြို့ရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ရမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်စဉ်။

စာမျက်နှာ ၅ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

✪ စာမျက်နှာ ၄ မှ

**ပြင်ဦးလွင်မြို့၏ သမိုင်းကြောင်းစဉ်လာနှင့် ဂုဏ်ဒြပ်ကောင်းများကို ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားရမည်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့ကို ယခင်ကတည်းကပင် ပန်းမြို့တော်၊ ချယ်ရီမြို့တော်၊ တောင်လှေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ ထိုသို့ခေါ်ဆိုမှုများနှင့်အညီ ကိုက်ညီသည့်မြို့တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြင်ဦးလွင်ဒေသ၌ လာရောက်နေထိုင်သူများပြားလာပြီး မြို့နေလူဦးရေတိုးပွားလာခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့သည် သမိုင်းကြောင်းစဉ်လာကြီးမားပြီး နာမည်ဂုဏ်ဒြပ်ကောင်းများနှင့် ပြည့်စုံသည့်မြို့ဖြစ်၍ မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း လာရောက်နေထိုင်သူ များပြားလာမှုနှင့်အတူ စည်းကမ်းစနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်သွားခြင်းဖြင့် စနစ်တကျရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်မှု၏ အစပျိုးရာမြို့တစ်မြို့၌ ပါဝင်ကြောင်း၊ ပြင်ဦးလွင်မြို့အနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ပညာရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကာ စည်းကမ်းစနစ်တကျရှိသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်ရန်အတွက် ကျောင်းသား၊ ဆရာ၊ မိဘတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း လိုအပ်သည့်ကြီးကြပ်ကွပ်ကဲမှုများ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် သစ်ပင်ပန်းမန်များဖြင့် အစဉ်အမြဲ သာယာလှပစေရေးနှင့် သစ်ပင်များအားအကြောင်းမဲ့ခုတ်ထွင်ခြင်းများ မပြုလုပ်စေရေးအတွက် By Law များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာ၌လည်း သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ဥပဒေများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြကြောင်း၊ သစ်ပင်သစ်တောများထိန်းသိမ်းရေးနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသာမက အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင်လည်း တာဝန်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းသာယာစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့်ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်**လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေကသတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ **အချို့လမ်းနယ်များ၌ ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့်ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများမရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌လည်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသူများရှိသကဲ့သို့ သတ်မှတ်ချက်များကို ကျော်လွန်ချိုးဖောက်၍ အခြားနည်းများဖြင့် မြေယာအသုံးချမှုများလည်း ရှိနေကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

> ❁ **မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့်ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့်ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လို**
>
> ❁ **အချို့လမ်းနယ်များ၌ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအပေါ် လျှောက်လှမ်းနေခြင်းကြောင့် ဒီမိုကရေစီစနစ်တွင် ဥပဒေကို သိရှိနားလည်ရန်လိုအပ်သဖြင့် ဌာနဆိုင်ရာအကြီးအကဲများအားလုံးအား ဥပဒေသင်တန်းများ မဖြစ်မနေတက်ရောက်စေခဲ့ကြောင်း၊ အလားတူအခြေခံပညာကျောင်းများ၌ KG+12 ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်ပတ်သက်ပြီး အခြေခံများကို သိရှိစေရေး သင်ကြားပေးလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားမှုဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ အစရှိသည့် ကျောင်းသားကျောင်းသူအရွယ်များ သိရှိနားလည်နိုင်သည့် ဥပဒေများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ KG+12 တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများသည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အရွယ်ပတ်ဝန်းကျင်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေကို သိရှိနားလည်နိုင်ရေးသင်ကြားပေးခြင်းဖြစ်ပြီး ဥပဒေနှင့်ပတ်သက်၍ စာမေးပွဲဖြေဆိုရမည် မဟုတ်ကြောင်း၊ အခြေခံဥပဒေပညာကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများကိုလည်း ဥပဒေကို နားလည်သိရှိအောင် Training of Trainers (TOT) သင်တန်းများပေးပြီး သင်ကြားစေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် KG+11 နှင့် KG+10 ကျောင်းသား ကျောင်းသူများကိုလည်း ဥပဒေနှင့်ပတ်သက်သည့်အခြေခံများကို သိရှိနားလည်နိုင်စေရေး ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်အသီးသီး၌လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့်ဥပဒေအား သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက် ဥပဒေနှင့်စီးပွားရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ ဥပဒေအသိရှိစေရေး BA (Law) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ စီးပွားရေးအသိရှိစေရေးအတွက်လည်း BA (Eco) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပြင်ဦးလွင်၏ဂုဏ်ကို ဖော်ညွှန်းထားသည့် အမည်နာမများနှင့်ကိုက်ညီအောင် အကောင်အထည်ဖော်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးမည်ဖြစ်ပြီး ယင်းမူဝါဒကို အကောင်အထည်ဖော်ရန်မှာ ဌာနဆိုင်ရာများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးများတွင် အဓိကတာဝန်ရှိပြီး ဦးဆောင်လမ်းပြမှုကောင်းစွာဖြင့် ဒေသနှင့်ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို စဉ်ဆက်မပြတ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ ထိုသို့မှာကြားနေရခြင်းမှာ နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံကောင်းရာကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကိုလုပ်ဆောင်သွားရန်၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားကြရန် မှာကြားနေခြင်းဖြစ်ပြီး နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း။

သစ်ပင်သစ်တောများ ထိန်းသိမ်းပြီး စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ ပစ္စုပ္ပန်တွင် နေထိုင်နေကြသည့်သူများက ထိန်းသိမ်းဆောင်ရွက်သွားမှသာလျှင် ပြင်ဦးလွင်ဒေသ၏ အေးမြပြီးလတ်ဆတ်သည့်ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို အနာဂတ်လူငယ်များထံသို့ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသခံများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းလက်ဆင့်ကမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

၁၁-၆-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၄ ကော်လံခြောက် ဒုတိယအပိုဒ် ခုနစ်ကြောင်းမြောက်တွင် ဖော်ပြပါရှိသော ဂေါပကအဖွဲ့ဥက္ကဋ္ဌ **ဦးမြဝင်း** အစား **ဦးအောင်အောင်** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးက ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးတို့ တက်ရောက်သည်။

**ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ သိပ္ပံပညာဆိုင်ရာအောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ဖွင့်လှစ်ပြသပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီးတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်စဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

**တက်ရောက်**

ထို့နောက် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါက်တာဘရှော၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ကော်မရှင်ရုံး Conference Room ၌ တွေ့ဆုံ၍ နိုင်ငံတော်အကျိုးပြု လုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက လူ့အခွင့်အရေးကော်မရှင် သမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ကောင်စီ၏လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားကာ ကော်မရှင်အဖွဲ့ဝင်များနှင့် ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်များက တာဝန်ယူကြသည့် ဘာသာရပ်နှင့် ကဏ္ဍများအလိုက် ဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။



**သတင်းစဉ်**

# “မိုးတိမ်”တဲ့လား၊ နိုးနိုးကြားကြားသတိထား

သာထူး

**ကမ္ဘာတစ်လွှား ကိုဗစ်– ၁၉ ကူးစက်မှုသတင်းတွေကြောင့် သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကိုယ်က စိုးရိမ်မိသလို သက်ဆိုင်ရာ တာဝန်ရှိသူတွေဘက်ကလည်း ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနဲ့ ဗီဇပြောင်းမျိုးကွဲအသစ်တွေ ကူးစက်မှုတွေဖြစ်နေတာကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနေတဲ့အကြောင်း၊ နိုင်ငံတကာ ဝင်ထွက်သွားလာနေတဲ့ လေဆိပ်တွေ၊ ဆိပ်ကမ်းတွေ၊ နယ်စပ်ဝင်ထွက်မှုတွေကို စောင့်ကြပ်ကြည့်ရှုနေတဲ့အကြောင်း၊ ပြည်တွင်းမှာလည်း အဖျားရောဂါလက္ခဏာကို စောင့်ကြည့်နေတဲ့အကြောင်း သိရပြန်တော့ စိုးရိမ်မှုက တစ်ဝက်လောက် လျော့ကျခဲ့ရပါတယ်။**




ကိုဗစ်–၁၉ ရောဂါဟာ လူသားတွေဘက်က ကာကွယ်ဆေးထိုးနှံမှုတွေ၊ ကိုယ်ခံအား မြင့်တက်လာမှုတွေကြောင့် ကူးစက်ပျံ့နှံ့မှုတွေ တဖြည်းဖြည်း လျော့ကျလာပြီး နောက်ဆုံးတစ်နေ့မှာ သာမန်တုပ်ကွေးရောဂါပုံစံမျိုး ရောက်ရှိသွားလိမ့်မယ်လို့ ကြိုတင်တွက်ဆခဲ့ကြပေမယ့် မှော်ဆရာလို အစွမ်းပြနေတဲ့ ကိုဗစ်က ဗီဇမျိုးကွဲတွေ အမျိုးမျိုးပြောင်းပြီး လူတွေကြားထဲမှာ နေပြနေတုန်းပါ။ ဒါကြောင့်လည်း ကမ္ဘာ့ကူးစက်ရောဂါအဆင့်ကနေ လျှော့ချပြီးတာတောင် မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ရပြီး လက်ရှိမှာတော့ ကိုဗစ်–၁၉ နဲ့ပတ်သက်လို့ နိုးနိုးကြားကြားရှိကြဖို့ တပ်လှန့်သံတွေ၊ သံချောင်းခေါက်သံတွေ ကမ္ဘာအနှံ့ ပြန်လည်ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ကူးသန်းသွားလာမှု လွယ်ကူလျင်မြန်လာတဲ့ ယနေ့ခေတ်မှာ ကမ္ဘာ့တိုက်ကြီးတွေ တစ်ခုနဲ့တစ်ခုအကြား လူတွေနဲ့အတူ လိုက်ပါကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ်–၁၉ နောက်ဆုံးပေါ်မျိုးကွဲအသစ်စက်စက်ကတော့ Nimbus ခေါ် NB.1 .8.1 ပါတဲ့။ မူလလက်ဟောင်း အိုမီခရွန် (Omicron) အုပ်စုဝင် SARS–CoV–2 မျိုးကွဲ NB.1.8.1 ပေါ်ထွက်လာတာကို ကမ္ဘာက စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။

လက်တင်ဘာသာနဲ့ **“မိုးတိမ်”** လို့အဓိပ္ပာယ်ရတဲ့ Nimbus ဟာ သူ့အရင်က မျိုးကွဲတွေထက် ကူးစက်နိုင်စွမ်းမြင့်မားပြီး ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကူးစက်မှု ရဲ့ ၁၀ ဒသမ ၇ ရာခိုင်နှုန်းရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုပါတယ်။ အာရှဒေသမှာ အိန္ဒိယ၊ ဟောင်ကောင်၊ စင်ကာပူနဲ့ ထိုင်းတို့အပါအဝင် နိုင်ငံအများအပြားမှာ ကိုဗစ်–၁၉ ပြန်လည်ဖြစ်ပွားခဲ့တဲ့ အဓိကလက်သည်ဟာ Nimbus ဖြစ်တယ်လို့ဆိုပါတယ်။ အိန္ဒိယမှာ ပြီးခဲ့တဲ့ မေလ ၂၇ ရက်နေ့အထိ ကိုဗစ်–၁၉ ကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိပြီး ဒေလီမြို့တစ်မြို့တည်းမှာ ၁၀၄ ဦး ကူးစက်ခံခဲ့ရပါတယ်။ Nimbus (NB.1.8.1) ကို တမီလ်နာဒူးပြည်နယ်မှာ တွေ့ခဲ့ရပြီး ဂူဂျာရတ်မှာတော့ တခြားမျိုးကွဲ LF.7 ကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဟောင်ကောင်နဲ့ စင်ကာပူတို့မှာ ကိုဗစ်–၁၉ ဖြစ်ပွားမှု သိသိသာသာမြင့်တက်နေပြီး မေလအစောပိုင်းက စင်ကာပူမှာ အပတ်စဉ်ရောဂါဖြစ်ပွားမှု ၁၁၁၀၀ ကနေ ၁၄၂၀၀ အထိ တိုးခဲ့တယ်လို့ ဆိုပါတယ်။ အိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံမှာလည်း ရက်အနည်းငယ်အတွင်း ကူးစက်ခံရသူ ဖ၀၀၀ ကနေ ၃၃၀၀၀ ကျော်အထိ သိသိသာသာ မြင့်တက်လာခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ Nimbus (NB.1.8.1) ဟာ နိုင်ငံပေါင်း ၂၂ နိုင်ငံကို ပျံ့နှံ့နေပြီး အမေရိကန်နိုင်ငံမှာ နယူးယောက်၊ ကယ်လီဖိုးနီးယား၊ အရီဇိုးနား၊ အိုဟိုင်းယိုးနဲ့ ရို့ဒ်အိုင်းလန်းတို့မှာ တွေ့နေရပြီလို့ ဆိုပါတယ်။

Nimbus (NB.1.8.1) ရဲ့ ထူးခြားချက်တွေကတော့ သူ့ရှေ့ကမျိုးကွဲတွေထက် ကူးစက်မှု ပိုမြန်တာကြောင့် ဒေသတစ်ခုခုမှာ ကူးပြီဆိုရင် အချိန်တိုအတွင်း ကူးစက်ခံရသူ အရေအတွက်တွေ မြင့်တက်လာတာတွေ့ရတယ်လို့ သတင်းတွေအရ သိရပါတယ်။ ယေဘုယျ ရောဂါလက္ခဏာတွေကတော့ ဆိုးဆိုးရွားရွား လည်ချောင်းနာတာ၊ ပင်ပန်းနွမ်းနယ်တာ၊ ချောင်းနည်းနည်းဆိုးတာ၊ ဖျားတာ၊ ကြွက်သားတွေ ကိုက်ခဲတာ၊ အသက်ရှူရခက်တာတွေ ဖြစ်တယ်လို့ သိရပါတယ်။ ရောဂါကို ဖြစ်မလာခင်ကြိုတင်ကာကွယ်ခြင်းကသာလျှင်အကောင်းဆုံးဖြစ်တာနဲ့အညီ ကိုယ့်ကိုယ်ကိုယ် ရောဂါကူးစက်မလာအောင် ကြိုတင်ကာကွယ်ဖို့ လိုပါတယ်။ ကာကွယ်ပုံနည်းလမ်းကတော့ အရင်အတိုင်းပါပဲ။ ပါးစပ်နဲ့ နှာခေါင်းစည်း (Mask) တပ်ဖို့၊ လူထူတဲ့နေရာကိုရှောင်ဖို့နဲ့ မဖြစ်မနေ သွားရမယ်ဆိုရင်လည်း အရည်အသွေးပြည့်မီတဲ့ Mask ကို စနစ်တကျ တပ်ဖို့၊ လှေကားလက်ရန်းတွေ၊ တံခါးလက်ကိုင်ဘုတွေ၊ စားပွဲတွေ၊ ကုလားထိုင်တွေ၊ လူအများကိုင်ထားတဲ့အရာတွေ စသည်ဖြင့် ဟိုကိုင်ဒီကိုင်ကိုင်ထားတဲ့လက်တွေကို သန့်စင်အောင် မကြာခဏ ဆေးကြောကြရပါမယ်။ ရောဂါလက္ခဏာတွေ့ရင်လည်း မိမိကိုယ်တိုင်ပဲဖြစ်ဖြစ်၊ မိသားစုထဲမှာဖြစ်ဖြစ် တွေ့ရတယ်ဆိုရင် နီးစပ်ရာဆေးရုံဆေးခန်းတွေမှာ စနစ်တကျ စစ်ဆေးကုသမှု ခံယူဖို့လိုပါတယ်။

တစ်ဆက်တည်းမှာပဲ ပြောလိုတာကတော့ ကိုဗစ်–၁၉ သာမကဘဲ ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော စသည်ဖြင့် ရာသီအလိုက်ဖြစ်တတ်တဲ့ ကူးစက်ရောဂါတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက အချိန်နဲ့တစ်ပြေးညီ သတိပေးနှိုးဆော်နေပါတယ်။ နိုင်ငံပိုင်မီဒီယာတွေမှာ ဖော်ပြပေးနေတဲ့ သတိပေးနှိုးဆော်ချက်တွေ၊ ဆောင်ရန် ရှောင်ရန်အချက်တွေ၊ အသိပညာပေးမှုတွေကို အမှတ်တမဲ့ ကျော်လွှားမသွားကြဘဲ သတိပြုဖတ်ရှုလေ့လာကြဖို့၊ မှတ်သားလိုက်နာကြဖို့ တိုက်တွန်းချင်ပါတယ်။ ကိုဗစ်–၁၉ နဲ့ ပတ်သက်လို့လည်း ကမ္ဘာ့ကပ်ရောဂါအဆင့် မဟုတ်တော့ဘူးဆိုသည့်တိုင် ကူးစက်မှုမြင့်တက်လာတဲ့ အခြေအနေနဲ့ အများအပြားဖြစ်ပွားနေတဲ့ နိုင်ငံတွေမှာ လူအသေအပျောက်ရှိနေတဲ့ အခြေအနေတွေကြောင့် ပေါ့ပေါ့ဆဆ မနေကြဘဲ နိုးနိုးကြားကြား သတိထားကြဖို့လိုပါတယ်။

ကျောင်းသား ကျောင်းသူတွေနဲ့ ပတ်သက်ပြီးတော့လည်း နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားရင် နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံကိုသတင်းပို့ဖို့နဲ့ ဆေးကုသမှုခံယူရေးအတွက် ဆရာ ဆရာမတွေကိုရော မိဘအုပ်ထိန်းသူ ပြည်သူတွေကိုပါ ပညာရေးဝန်ကြီးဌာနက ကျောင်းအပ်ကာလမှာကတည်းက မေတ္တာရပ်ခံထားပါတယ်။ မျိုးရိုးဗီဇပြောင်းလာတဲ့ ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးတွေကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတွေ ထိုးနှံပေးလာတဲ့အခါမှာလည်း မပျက်မကွက် ထိုးနှံမှုခံယူကြဖို့နဲ့ လူတစ်ဦးချင်းစီက မိမိကိုယ်ကို စနစ်တကျ ကာကွယ်ခြင်းအားဖြင့် ကိုဗစ်–၁၉ မျိုးကွဲသစ်များကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်ကြမှာ ဖြစ်ပါတယ်။ ။




**❋ လက်တင်ဘာသာနဲ့ “မိုးတိမ်” လို့အဓိပ္ပာယ်ရတဲ့ Nimbus ဟာ သူ့အရင်ကမျိုးကွဲတွေထက် ကူးစက်နိုင်စွမ်းမြင့်မားပြီး ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှုရဲ့ ၁၀ ဒသမ ၇ ရာခိုင်နှုန်းရှိတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဆို**

**❋ ကိုဗစ်-၁၉ နဲ့ပတ်သက်လို့လည်း ကမ္ဘာ့ကပ်ရောဂါအဆင့် မဟုတ်တော့ဘူးဆိုသည့်တိုင် ကူးစက်မှုမြင့်တက်လာတဲ့အခြေအနေနဲ့ အများအပြားဖြစ်ပွားနေတဲ့ နိုင်ငံတွေမှာ လူအသေအပျောက်ရှိနေတဲ့အခြေအနေတွေကြောင့် ပေါ့ပေါ့ဆဆမနေကြဘဲ နိုးနိုးကြားကြား သတိထားကြဖို့လို**

## သွင်းအားစုများ ပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မင်းရပ်ကွင်းကျေးရွာရှိ ယင်းနားကုန်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်ဝင်းနိုင်၏ အောင်နိုင်တိုး အထွက်တိုးမျိုးစံပြ နှမ်းစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် မကွေးမြို့ မြို့တော်ခန်းမ၌ သမဝါယမဦးစီးဌာနနှင့် မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများ၊ လယ်ယာသုံးစက်ကိရိယာ ရောင်းချသည့် ကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် သွင်းအားစုများပေးအပ်ခြင်း၊ လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိတ်ဆက်ထွန်ယက်ခြင်း အခမ်းအနားနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း မျိုးစေ့၊ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးခဲ့မှုနှင့် လက်ရှိဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြကြပြီး အသင်းသားတောင်သူများက သိရှိလိုသည်များမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးသမဝါယမအသင်း ၄၉ သင်းအတွက် အထွက်တိုးစပါးမျိုးများ၊ အစေ့ချစက်များနှင့် သွင်းအားစုမြေဩဇာများကို အသင်းသားတောင်သူများထံသို့ လည်းကောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၉ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူထည့်ဝင်ငွေနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၈၅၀ ကို ကျေးရွာကိုယ်စားလှယ်များထံသို့ လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး၊ မျိုးစေ့များ၊ သွင်းအားစုများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ရှားပင်လှကျေးရွာ မွေးမြူရေးဇုန်၌ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ ဥစားကြက်ကောင်ရေ ၆၀၀၀ မွေးမြူနိုင်ရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ အောင်မြန်မာ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ဥစားကြက်ကောင်ရေ ၁၂၀၀၀ မွေးမြူနိုင်ရေးဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် လျှောင်းတော်ဦးကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သော အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကံပြားကျေးရွာ၌ ကံပြားစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးထွန်းဝင်း၏ ယာမြေ ၄ ဒသမ ၄ ဧက၌ ထွန်စက်များဖြင့် ထွန်ယက်ပေးနေမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် သာပေါင်းမြို့နယ် မိုးစပါးစိုက်တောင်သူများအား မျိုးစေ့ချကိရိယာများပေးအပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာထယ်ထိုးထည့်သွင်းခြင်း သရုပ်ပြပွဲ တက်ရောက်

ပုသိမ် ဇွန် ၁၁

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သာပေါင်းမြို့နယ် ငါးဘတ်ချောင်းကျေးရွာအုပ်စု လယ်တီကျေးရွာတွင် ပြုလုပ်သော ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား RS မျိုးစေ့ပေးအပ်ခြင်း၊ ကြဲခင်းစနစ်ပပျောက်ရေးအတွက် မျိုးစေ့ချကိရိယာများ ပေးအပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်း စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် ရေတော်မိုးတော် မိုးစပါးစိုက်ဧက အားလုံးတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲကြရန်၊ စိုက်နည်းစနစ်များ ပြောင်းလဲ စိုက်ပျိုးကြရန်နှင့် အထွက်တိုးမျိုးကောင်းမျိုးသန့် စပါးများစိုက်ပျိုးကြရန် လိုကြောင်း၊ ယခုနှစ်မိုးစပါးရာသီတွင် မျိုးစပါး ပန်းတိုင်အထွက်နှုန်း ရောက်ရှိရမည်ဖြစ်၍ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တောင်သူများအား စပါးမျိုးကောင်း မျိုးသန့်များနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့ပြီး တောင်သူ ဒေါ်လှမိုးခိုင်၏ မိုးစပါးစိုက်ဧက ရှစ်ဧကတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထယ်ထိုးမြေသွင်း စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးသည်။



အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာပေါင်းမြို့နယ် ငါးဘတ်ချောင်း ကျေးရွာအုပ်စု လယ်တီကျေးရွာရှိ တောင်သူဦးဇော်ဝင်းထွန်း၏ မိုးစပါးစိုက်ဧက နှစ်ဧကတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းစိုက်ပျိုးမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ဒသမအကြိမ် ထုတ်ချေး

ကျောက်တံခါး ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် အုတ်ပုံကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၏ နေအိမ်၌ ပြုလုပ်သည်။



ဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုက ရန်ပုံငွေထုတ်ချေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က အုတ်ပုံကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ရာ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသားအသင်းသူ ၇၃ ဦးအား စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၅၅၈ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

## ကျုံပျော်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုး

ကျုံပျော် ဇွန် ၁၁

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် သရုပ်ပြစိုက်ပျိုးခြင်း အခမ်းအနားကို အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း လယ်မြေ၌ ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

ဦးစွာ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းဇော်ထိုက်တို့က မျိုးစေ့ချကိရိယာ အသုံးပြုခြင်းဖြင့် ရရှိမည့်



အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများအား မျိုးစေ့ချစိုက်ပျိုးမှုကို လက်တွေ့သရုပ်ပြသသည်။

အခမ်းအနားသို့ ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တောင်သူများ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**တွေ့ဆုံ**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြား၍ သတ်မှတ်နေရာတွင် ပိတောက်ပင်ကို စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ကုက္ကို၊ တမာနှင့် မန်ကျည်းပင်စသည့် ပျိုးပင်ပေါင်း ၂၀၀ အား စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ညောင်ကုန်းကျေးရွာ၌ မိုးရေနစ်မြုပ်မှုကြောင့် နွေနှမ်းများထိခိုက်ပျက်စီးခဲ့မှုအခြေအနေကိုလည်းကောင်း၊ မှန်တောကျေးရွာ အမှတ် (၁၉) အခြေခံပညာမူလတန်းကျောင်း၌ ယာယီစာသင်ဆောင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် သီရိအနော်ရထာလမ်းနှင့် လွှတ်တော်ဝင်းအတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မရေပိုက်လိုင်းများနှင့် ရေပေးဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာ သစ္စာလမ်းနှင့် ဥတ္တရသီရိမြို့နယ် မန္တလေးလမ်း၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ပင်လောင်းလမ်း လမ်းဘေးဝဲ/ယာရှိ စိုက်ကွင်းများ၌ သီးနှံများစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် စိုက်ကွင်းစိုက်ကွက်များတွင် ဧရိယာအပြည့်စိုက်ပျိုးနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်-၃/၂၀၂၄ အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသော ဆန် ၁၅၇၅ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်

မန္တလေး ဇွန် ၁၁

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃/၂၀၂၄အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသည့်ဆန် ၁၅၇၅ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် ငလျင်ဘေးသင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက APTERR အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ Greneral Manager Dr. Choomjet Karnjanakesorn၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး ကိုယ်စားလှယ် Ms. Kim Weolsoon နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအတိုင်ပင်ခံ Mr. Ouyang Daobing တို့က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် APTERR အစီအစဉ်-၃/၂၀၂၄ အရ လှူဒါန်းသည့် ဆန်များကို လူမှုရေးရာဝန်ကြီးထံသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်က လွှဲပြောင်းပေးအပ်ပြီး ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ Greneral Manager Dr.Choomjet Karnjanakesorn၊ မြန်မာနိုင်ငံ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များက ငလျင်ဘေးသင့် ပြည်သူများထံ ဆန်အိတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် ငလျင်ဘေးသင့် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး

ပြင်ဦးလွင် ဇွန် ၁၁

လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဒါလီမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက “စာဖတ်ခြင်း၏ အကျိုးကျေးဇူး”နှင့် မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းမှ အဖွဲ့ဝင် ဦးဟိန်းမင်းဦးက စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ဟောပြောဆွေးနွေးသည်။ ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်နော်ရစ်ထူးက ကျန်းမာရေးအသိပညာဗဟုသုတများနှင့် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက “ကျောင်းဖွင့်ရာသီ ပျော်ကြမည်” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့သော ကျောင်းသား ကျောင်းသူများအား မြင့်မြတ်ပညာရေးဖောင်ဒေးရှင်းက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းအတွက် စာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား သုတ၊ ရသပုံပြင်များ ဖတ်ကြားပြပြီး နံရံကပ်စာစောင်များ ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)






# မိုးညိုမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုးညို ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက်ရှိ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့်အဖွဲ့ဝင်များထံ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်တာဝန်ခံ တောအုပ်ကြီး ဦးရဲမြင့်နှင့် ဝန်ထမ်းများက ပျိုးပင်များပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၁၆၀ တို့က ကျွန်းပင် ၂၀၀၊ မန်ဂျန်ရှားပင် ၂၀၀၊ ယမနေပင် ၅၀၊ မဟော်ဂနီပင် ၅၀ ပျိုးပင်ပေါင်း ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(လှိုင်ကော်) အမှတ်စဉ်(၃၁) သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

လှိုင်ကော် ဇွန် ၁၁

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (လှိုင်ကော်) အမှတ်စဉ်(၃၁) သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း ဂျူတီကုတ်၊ ဦးဆောင်း အပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(လှိုင်ကော်) သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သင်တန်းသား သင်တန်းသူများအနေဖြင့် သူနာပြုကောင်းများ၏ အရည်အချင်းဖြစ်သည့် နာငါးနာ၊ သူနာပြုကျင့်ဝတ်၊ သူနာပြုသစ္စာအဓိဋ္ဌာန်များနှင့်အညီ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးရမည် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၊ မိမိတို့ပြည်နယ်၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရေးအတွက် အထောက်အကူပြုနိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေနှင့် ပညာသင်နှစ် တစ်နှစ်စာအတွက် ဆန်၊ ဆီနှင့် စားစရိတ်ချီးမြှင့်ငွေများကို သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီးနှင့် သင်တန်းသူများထံ ပေးအပ်ပြီး ၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တတိယနှစ်သင်တန်းမှ ပညာရည်ချွန် ပထမ၊ ဒုတိယ၊ တတိယနှင့် ဘက်စုံထူးချွန်ဆုရရှိသည့် သင်တန်းသားသင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ၂၀၂၄ ခုနှစ် ပညာသင်နှစ် ဒုတိယနှစ်သင်တန်းမှ ပညာရည်ချွန်ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် ပညာသင်နှစ် ပထမနှစ်သင်တန်းမှ ပညာရည်ချွန်ဆုရရှိသည့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း ဆုများပေးအပ်သည်။

ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီးနှင့် သူနာပြုအုပ်တို့က သင်တန်းသား သင်တန်းသူများကို ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းကာ သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး အဆို၊ အကတို့ဖြင့်ဖျော်ဖြေ၍ ပြည်နယ်အတွင်းရေးမှူးက သီဆိုကပြဖျော်ဖြေခဲ့သည့် အဖွဲ့များသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းအတွင်းရှိ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ရုံးခန်းများနှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး စားရိပ်သာ၌ သင်တန်းသား သင်တန်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# တောင်ကြီးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်လှစ်

တောင်ကြီး ဇွန် ၁၁

မြန်မာ အီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် မဲပေးစက်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်အမှာစကား ပြောကြားသည်။



ရှင်းလင်းတင်ပြ

ထိုနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးကြသည်။

အဆိုပါသင်တန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့မှ ဝန်ထမ်း ၇၀ တက်ရောက်ပြီး သင်တန်းကို ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ပို့ချမည်ဖြစ်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ ပြည်နယ် အားကစားလေ့ကျင့်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားနေမှုတို့ကို တက်ရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ညောင်ဦးမြို့နယ်၌ ခေတ်မီကညစ်ယွန်းနည်းပညာသင်တန်းဖွင့်

ညောင်ဦး ဇွန် ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ခေတ်မီကညစ်ယွန်း ကာလတိုနည်းပညာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ညောင်ဦးမြို့နယ် ပုဂံမြို့သစ် မြင်းကပါကျေးရွာ ဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ယွန်းပညာ ကောလိပ်(ပုဂံ) ကျောင်းအုပ် ဆရာမကြီး ဒေါ်နီလာမြင့်က အမှာစကား ပြောကြားပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ခေတ်မီကညစ်ယွန်း နည်းပညာသင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ခေတ်မီကညစ်ယွန်း သင်ကြားမည့် ဘာသာရပ်များနှင့် ပတ်သက်၍သင်တန်းဆရာတစ်ဦးက ရှင်းလင်းပြောကြားကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွန်းတို့က သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီပါလင်း


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၄၅၉)တွင် ပါတီရုံးချုပ် (ယာယီ)တည်ရှိသော **ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၉-၆-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]၏ အလံပုံစံ**



**ချင်းပြည်သစ်ကွန်ဂရက်ပါတီ [New Chinland Congress (NCC)]၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လျှော်ဒဏ်ကြောင့်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့ရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

နေပြည်တော် ဇွန် ၁၁

စစ်ကိုင်း တိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိ စူဠာကောင်းမှုတော် စေတီနှင့် ဆွမ်းဦးပုညရှင် စေတီများရှိ သာသနိကအဆောက်အအုံများ အား ပြန်လည်ပြုပြင်နိုင်ရန် အတွက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါ စရိယ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ နှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရကြွရောက်တော် မူပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက စေတီတော်အတွင်းရှိ ငလျင်ဒဏ် ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ အား ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်သွားမည့် အခြေအနေ များကို Power Point ဖြင့် ရှင်းလင်း လျှောက်ထားတင်ပြ သည်။ ထို့နောက် သီတဂူဆရာ တော်ကြီးထံမှ ဆုံမဩဝါဒခံယူပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ခဲ့သော သာသနိကအဆောက် အအုံများအား ဖယ်ရှားရှင်းလင်း ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

# ပေါက်ခေါင်းမြို့နယ်၌ (၃၉)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ပေါက်ခေါင်း ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး(အနောက်) ပေါက်ခေါင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ထူးချွန်စွာစာဖြေအောင်မြင်တော်မူကြသော သာသနဝ့အာဇာနည် ရဟန်း၊ သာမဏေ အရှင်သူမြတ်များအား ဆုချီးမြှင့်ပူဇော်မည့် (၃၉)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပေါက်ခေါင်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ လေးမျက်နှာ စေတီတော်ရင်ပြင် မဟာသန္တာဝါသဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါက်ခေါင်းမြို့ ပညာဇောတာရုံစာသင်တိုက်ကြီး ၏ ဦးစီးပဓာနနာယက ဆရာတော် ဦးမဟိန္ဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင် သူဦးက သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားကာ ကြွရောက် လာကြသော ဩဝါဒဆရာတော်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းသည်။ ဆက်လက်၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်များနှင့် နဝကမ္မဝတ္ထုငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေ ခဲ့သည်။

ပေါက်ခေါင်းမြို့နယ်တွင် ပါဠိပထမပြန်စာမေးပွဲကို အောင်မြင်ခဲ့သူ စာအောင်ဆရာတော် ပထမကြီးတန်း နှစ်ပါး၊ ပထမငယ်တန်း လေးပါးနှင့် အခြေပြုမူလတန်း ငါးပါး စုစုပေါင်းသံဃာ ၁၁ ပါး အောင်မြင် ခဲ့ကြပြီး သံဃာများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်များ နှင့် အလှူရှင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ (၉၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ဆွမ်းတော်ကြီးတင် သပိတ်လုံး ၁၄၆၀ လောင်းလှူပွဲကျင်းပ

ပခုက္ကူ ဇွန် ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး၏ (၉၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် ဆွမ်းတော်ကြီးတင် သပိတ်လုံး ၁၄၆၀ လောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပ သည်။

"အလောင်းစည်သူမင်းကြီးတည်ထားခဲ့သော သီဟိုဠ်ရှင်မြတ်စွာ ဘုရားကြီးသည် ယခုချိန်တွင်နှစ်ပေါင်း ၉၀၈ နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ် ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်ကစတင်ပြီး ရေသွန်းပွဲတော်၊



နယုန်လ ဗုဒ္ဓပူဇနိယဈေးရောင်းပွဲတော်၊ ဆွမ်းတော်ကြီးတင်လောင်းလှူ ပွဲတော်တို့ကို နှစ်စဉ်ကျင်းပလေ့ရှိကြောင်း၊ ယနေ့တွင် အလှူရှင်များ အလိုက် ဘုရားကြီးပရိဝုဏ်အတွင်း ရေစက်ချပြီး ဆွမ်းတော်ကြီးတင် သပိတ်လုံး ၁၄၆၀ လာရောက်လောင်းလှူကြကြောင်း၊ အလှူရှင်များ လာရောက်လှူဒါန်းသော ဆွမ်းတော်ကြီးများကို ပါဠိစာသင်တိုက် ငါးတိုက်ထံ ဆွမ်းသပိတ်အလုံး ၁၀၀ စီနှင့် အခြားသောဘုန်းတော်ကြီး ကျောင်း ၃၀ ထံ ဆွမ်းသပိတ်အလုံး ၂၀ စီဖြင့် လိုက်လံပို့ဆောင် ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း" ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာ ဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှဖုန်းက ပြောကြားသည်။

ထို့အပြင် ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးအား ရွှေသင်္ကန်း ကပ်လှူပူဇော်သူများ၊ ဘုရားဖူးကုသိုလ်ယူသူများ၊ ဘုရားကြီးအနီးရှိ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲအဖြစ် ဆယ့်နှစ်ပွဲဈေးသည်များ၏စုပေါင်းဈေးရောင်းပွဲတော်အတွင်း ရောင်းချ သည့် အဝတ်အစား၊ အသုံးအဆောင်နှင့် စားသောက်ဖွယ်ရာများကို ဝယ်ယူအားပေးသူများ၊ ကလေးကစားကွင်းနေရာများ၌ အပန်းဖြေ ဆော့ကစားသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# အင်္ဂပူမြို့နယ်၌ ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

အင်္ဂပူ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ် ကျဆင်းရေးကော်မတီမှ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို ယနေ့နံနက်ပိုင်းက မြို့မဈေးရှေ့တွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဘိုဘိုနှင့် အင်္ဂပူ မြို့ ဆီလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတို့က ကြည့်ရှု၍ စားသုံးသူ များ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် အခြေခံစားသောက်ကုန် ဆင်းသုခဆန်တစ်ပြည် ငွေကျပ် ၂၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၀၀၊ ဆီငါးဆယ်ကျပ်သား ငွေကျပ် ၃၅၀၀ နှုန်းတို့ဖြင့် ကြက်ဥအလုံး ၁၀၀၀၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆင်းသုခဆန် ငါးအိတ်တို့ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လှိုင်သာယာမြို့နယ်၌ တိုင်းရင်းဆေးအသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် တွင် တိုင်းရင်းဆေးအသိပညာပေး ခြင်းနှင့် မိုးရာသီအတွင်းဖြစ်ပွား တတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်( ၈) ရပ်ကွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဟောပြောပွဲတွင် မြို့နယ်မိခင် နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်က အမှာစကားပြောကြားပြီး တိုင်းရင်း



ဆေး အသိပညာဗဟုသုတများ နှင့် တိုင်းရင်းဆေးဝါးများ သုံးစွဲ ခြင်း၊ ရှားစောင်းပင်နှင့် ရဲယိုပင်၊ အရွက်/အသီးများ သုံးစွဲခြင်းနှင့် ဆောင်ရန်ရှောင်ရန်တို့ကို မြို့နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည် ဝင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးရာသီတွင်ဖြစ်ပွား တတ်သော ရောဂါများနှင့် ကာကွယ်ဆေး ထိုးနှံသည့် အကြောင်းကို ဒေသန္တရကျန်းမာ ရေးဦးစီးဌာန မြို့နယ်ကျန်းမာ ရေးမှူး ဒေါက်တာကြူကြူသင်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သူနာပြုဆရာမ ကြီး ဒေါ်နွဲ့နွဲ့ဝင်းက မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက် ဝမ်းလျှောရောဂါများနှင့် သွေးလွန် တုပ်ကွေးရောဂါများအကြောင်းကို အသိပညာပေး ဆွေးနွေး ပြောကြားသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရတနာဗိမာန်ထူပါရုံ ရွှေကျောင်းတိုက်တွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများ အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာရှိ ရတနာဂူစေတီတော်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အနီးကပ်စခန်းသွင်း လေ့ကျင့်နေမှုများနှင့် လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များကို ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် မိုးမကျမီ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ရှိ ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေပေးဝေနေမှုနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အလားတူကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်၊ ထင်းဝန်းရပ်ကွက်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများ၌ ဖြိုချရှင်းလင်းရန် ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေး ဆောင်ရွက်နေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်နှင့် အောင်မြေသာစံရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာနှင့် ဈေးချိုရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိက အဆောက်အအုံများ၌ အပျက်အစီးများအား တပ်မတော်သားများက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု၊ စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တူးဖော်ရရှိသော ရှေးဟောင်းဥာပနာပစ္စည်းများအား စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် သမ္မဝတီရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်းယဆောင်တွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားများ ပြောကြားသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်များရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေး ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ ဆူးကုန်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆူးကုန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ သယ်ယူရန် စတီးကြိုးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်တွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၁

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းတကော်ဆယ်မိုင်ကုန်းအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၇၄၉၉၁၈၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၉၅ မျိုး (ခန့်မှန်းတန်ဖိုးငွေ ၈၈၀၃၁၂၀၄ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၇၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၂၄၇၉၇၃၉၉ ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၀၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Como Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အင်းတကော်ဆယ်မိုင်ကုန်းအနီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၁၈၀၀၀)ကိုလည်းကောင်း၊ မိုင်းပွန်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ လွိုင်လင်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၁၇၃၄၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Super Custom တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၃၅၃၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၇၅ ပီပါ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၀ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၇၈ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၈ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၂၈၇၈၁၉၃၉ ကျပ်)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၁

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thet Zaw Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ သက်ဇော်ဦးအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် "Ko Kyi Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာနေ ကြည်စိုးလွင်(ခ) ကြည်စိုးအား နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "ရောဝတီ ဒေါင်းနီ" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာနေ သက်နိုင်ထွန်း(ခ) ဗိုလ်ဒေါင်းနီအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၆-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လေ့လာစရာစုံလင်...အမိမြန်ပြည်တစ်ခွင် 'မနောမြေရဲ့အား... JAGA'
- ၀၉:၃၀ NRC အစီအစဉ်
- ၁၀:၃၀ မွေးမြူရေးနည်းပညာ(အပိုင်း ၉+၁၀)
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**လေနှင်ရာခရီး**' (အပိုင်း-၄၄)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**လှူစွမ်းကောင်းများခေတ်**' (အပိုင်း-၃၅)
- ၁၅:၁၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ့
- ၁၆:၄၅ သက်ရှည်ကျန်းမာနေထိုင်ဖို့သွေးပေါင်တိုင်းကာထိန်းညှိစို့
- ၁၇:၃၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ '**ငါ၊င်**' (အပိုင်း-၁၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ်အစီအစဉ် The Great Wall 'သမိုင်းဝင်ယဉ်ကျေးမှု' (အပိုင်း-၂)
- ၂၂:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**လှူစွမ်းကောင်းများခေတ်**' (အပိုင်း-၃၆)

### mitv

- 07:02 Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
- 07:07 A Traditional Food in Bagan: Pone Ye Gyi
- 07:21 Commercial Farming to GDP Growth, Pomelo Grower
- 07:51 Healthy Diet: Keto Diet
- 08:01 News
- 08:26 Asia Updates; Saunders's Gull
- 08:33 Faith & Worship (Part-2)
- 09:01 Alms Bowl
- 09;20 Ecotourism: Tamu And Hand Washing Lake
- 09;35 Chef Life: Ce'dric Davoine (French Chef)
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (မွန်)
- ၀၆:၅၅ မြန်မာသံစဉ်တေးများ
- ၀၇:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**တောက်ပသောနေ့ရက်များဆီသို့**' (အပိုင်း-၂၅)
- ၀၈:၁၀ ဗီဒီယိုတေးများ
- ၀၈:၄၀ ဆိုကရေးတီးဆုရ(အိုးစည်အတီးပြိုင်ပွဲ၊တစ်ဦးချင်းအကပြိုင်ပွဲ၊ကချာလွတ်ယိမ်း)
- ၀၉:၃၀ ကာတွန်း 'ပိုးကောင်းကြီးဥယျာဉ်စွန့်စားခန်း' (အပိုင်း-၁၉)
- ၀၉:၅၀ ဗီဒီယိုတေးများ
- ၁၀:၁၀ မြန်မာရုပ်ရှင် 'ဖြူမည်း' '**ပုရွးမ**'

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** လန်းဆန်းပျော်ရွှင်ရေလမ်းကြောင်းခရီးစဉ်
- **ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** အရိုးပွရောဂါအကြောင်းသိကောင်းစရာ
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကချင်ရိုးရာအစားအစာငါးပေါင်း
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အမိမြန်မာပြည် (အပိုင်း-၂)
- **ချင်း(လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)** တောင်ကြာပန်းများပျော်စံရာဇိနိမ့်မူတောင်
- **ချင်း(ဇိုမီး) (၁၂:၀၀ မှ ၁၃:၀၀)** ချင်း(ဇိုမီး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပာယ်များ
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** ရွာလွတ်ဆေးတံ
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** လခြမ်းမြို့မှရိုးရာအလှ(အပိုင်း-၂)
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ငုံးဥနှင့်ကျန်းမာရေး
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** 'ဝ'ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ကချင်ရိုးရာတူရိယာများအကြောင်းသိကောင်းစရာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ ဗီဇကလေ့ကမ္ဘာ့ပလားမိတ်ဆက်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ '**ရုရှားနိုင်ငံ**'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အငွေ့**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ထိုင်းနိုင်ငံ**'
- ၁၁:၃၀ ရေသို့ချိုမည်ပန်းတိုင်ဆီ (အပိုင်း-၇၆)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ နိုင်ငံ့စီးပွားတိုးတက်ဖို့ MSME လုပ်ငန်းများ အားပေးစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၂၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
- ၁၉:၀၀ The Flood
- ၂၀:၀၀ အပင်း(ဇာတ်လမ်း)
- ၂၂:၀၀ Astriod City (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၈:၀၀ ၂၀၂၅ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် ပြည်သူနှစ်ဦးတို့အား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဇွန် ၁၁

လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများကိုပါ ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများ စသောလူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာနေ ဦးဇော်မျိုးသက်(ခ)ကိုသက် (၄၇)နှစ်သည် ရွှေမုဋ္ဌောဘုရားအနီးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ၎င်းပိုင်ကွမ်းဆိုင်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က 4WD အမျိုးအစား ယာဉ်တစ်စီး (စိစစ်ဆဲ)၊ ဆိုင်ကယ်ငါးစီးတို့ဖြင့် နွားထိုးကြီးမြို့နယ်ဘက်မှ ရောက်ရှိလာပြီး ဦးဇော်မျိုးသက်(ခ) ကိုသက်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ၎င်းတွင်ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါ အကြမ်းဖက်သမားများသည် ရွှေမုဋ္ဌောဘုရားမြောက်ဘက်မုခ်အနီး နေသူများဖြစ်သည့် ဦးကျော်သက် (၅၅)နှစ်၊ ဦးသက်နိုင်ဦး(ခ)သေက်(၄၇)နှစ်နှင့် မလှိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းစာရေး ဒေါ်ခင်မြင့်ထွေး(၄၀)နှစ်တို့ သုံးဦးအား ဖမ်းဆီးခေါ်ဆောင်ကာ တောင်သာမြို့နယ် သံဘို-သန်းတန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦးအား အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေးနှင့် ဒေသခံပြည်သူများအား ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေ တောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၁ ဦး၊ တရုတ်နိုင်ငံသား ငါးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၂၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့သည်။

### လိုက်လံကြည့်ရှုစစ်ဆေး

အဆိုပါ ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက နေ့ချင်းပြီးဆောင်ရွက်နေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **အာဆီယံ ယူ-၁၉မှ**

ဂိုးဒါဇင်ဝက်ဖြင့် လာအိုအသင်းကို အနိုင်ယူကာ ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့သည်။

မြန်မာအသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး သွင်းယူခဲ့ပြီး ၁၈၊ ၄၆ မိနစ်တွင် ဒေစီအောင်၊ ၂၈၊ ၅၆ မိနစ်တွင် စုစုခင်၊ ၄၃ မိနစ်တွင် ယဉ်လွန်းအိမ်၊ ၇၂ မိနစ်တွင် အေးအေးစိုးတို့က သွင်းယူခဲ့သည်။

နှစ်ပွဲစီကစားအပြီးတွင် အုပ်စု (က)၌ ဗီယက်နမ်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းနှင့် လာအိုအသင်းတို့က သုံးမှတ်စီ၊ တီမောအသင်းက အမှတ်မရသေး၊ အုပ်စု(ခ)၌ ထိုင်းအသင်းက ခြောက်မှတ်၊ မလေးရှားအသင်းက သုံးမှတ်၊ အင်ဒိုနီးရှားအသင်းနှင့် ကမ္ဘောဒီးယားအသင်း တို့က တစ်မှတ်စီရရှိထားသည်။ ထိုင်းအသင်းသည် နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ် အစောဆုံး တက်ရောက်နိုင်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **သတင်း-ချစ်ကိုကို**

**ဓာတ်ပုံ-MFF**

❒ **ကျောဖုံးမှ**

ဩစတြေးလျအသင်းဟာ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့မှာလည်း (၁၆)သင်းအဆင့်အထိ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

ဩစတြေးလျအသင်းကိုရှုံးနိမ့်ခဲ့တဲ့ဆော်ဒီအာရေဗျအသင်းကတော့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိဖို့အတွက် အာရှဇုန်ခြေစစ်ပွဲနောက်တစ်ဆင့် ယှဉ်ပြိုင်ကစားရဦးမှာဖြစ်ပြီး ယူအေအီးအသင်း၊ ကာတာအသင်း၊ အင်ဒိုနီးရှားအသင်း၊ အီရတ်အသင်း၊ အိုမန်အသင်းတို့ထဲက နှစ်သင်းနဲ့ သုံးသင်းတစ်အုပ်စု ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ အဲဒီသုံးသင်းတစ်အုပ်စုမှာ ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့ပါက ဆော်ဒီအာရေဗျအသင်းဟာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဩစတြေးလျအသင်းအနေနဲ့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ပူးတွဲအိမ်ရှင်သုံးနိုင်ငံဖြစ်တဲ့ အမေရိကန်၊ ကနေဒါနဲ့ မက္ကဆီကိုတို့အပါအဝင် ၂၀၂၆ ကမ္ဘာ့ဖလားဝင်ခွင့်ရတဲ့အသင်း ၁၃ သင်းအထိရှိလာခဲ့ပြီဖြစ်ပြီး လက်ရှိအချိန်မှာ အာရှဇုန်မှ ဩစတြေးလျအသင်း၊ အီရန်အသင်း၊ ဂျပန်အသင်း၊ ဂျော်ဒန်အသင်း၊ တောင်ကိုရီးယားအသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်အသင်း၊ တောင်အမေရိကဇုန်မှ အာဂျင်တီးနားအသင်း၊ ဘရာဇီးအသင်း၊ အီကွေဒေါအသင်းတို့ဟာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိထားပြီဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ကလေးသူငယ်များအား ပညာသင်ကြားပေးနေသည့်နေရာသို့ အကြမ်းဖက်သမားအဖွဲ့(စိစစ်ဆဲ)က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအပါအဝင် လုပ်အားပေး ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၁

လက်နက်ကိုင် အကြမ်းဖက်သမားများသည် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပိုင်ရပ်ကျေးရွာသို့ အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က အများပြည်သူ ထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ပိုင်ရပ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား လုံခြုံရေးအခြေအနေအရ ခေတ္တပြောင်းရွှေ့ စာသင်ကြားပေးနေသည့် အဆိုပါကျေးရွာရှိ ဦးကုလား(စိစစ်ဆဲ)၏ နေအိမ်ရှေ့ မြေကွက်လပ်သို့ လက်နက်ကြီးဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ပိုင်ရပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ရုံးအကူဝန်ထမ်းဖြစ်သူ ဒေါ်မိသဇင် (၃၆)နှစ်နှင့် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ဝေယံအောင်(၈)နှစ်၊ မလရိပ်ချို (၁၀)နှစ်နှင့် မသူဇာအေး(၆)နှစ်တို့လေးဦးတွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ပိုင်ရပ်ကျေးရွာနေ လုပ်အားပေးဆရာမဖြစ်သူ မမိုးသူဇာ(၂၅)နှစ်နှင့် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မစိုးစိုးစံ(၅)နှစ်၊ မအေးအေးမိုး(၈)နှစ်၊ မောင်အောင်ကျော်သူ(၄)နှစ်၊ မမျိုးစန္ဒာထွန်း(၆)နှစ်၊ မမျိုးသန္တာဦး(၇)နှစ်၊ မောင်လော်ချမ်း(၇)နှစ်၊ စောစံမြင့်အောင်(၇)နှစ်၊ မရွှေဇင်ထက်(၁၀)နှစ်၊ မယဉ်သူအေး(၉)နှစ်၊ မထွန်းရတနာ(၇)နှစ်၊ မောင်ကောင်းစည်သူစိုး(၇)နှစ်၊ မောင်လင်းလက်အောင်(၇)နှစ်၊ မချစ်မြတ်နိုး(၇)နှစ်၊ မငယ်ငယ်(၇)နှစ်၊ မမေလဝန်း(၇)နှစ်၊ မအိနန္ဒာဖြိုး(၇)နှစ်၊ မသွန်းသွန်းအိမ်စည်လင်း(၉)နှစ်၊ မသီသီဖြိုး(၉)နှစ်တို့ ၁၉ ဦး(ဆရာမတစ်ဦး၊ ကျောင်းသား ငါးဦး၊ ကျောင်းသူ ၁၃ ဦး)တွင် မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိခဲ့၍ တာဝန်ရှိသူများက ဒဏ်ရာရရှိသူများအား ကညင်ကတိုက်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

### တိုးမြှင့်လုပ်ဆောင်လျက်ရှိ

ထိုသို့ အပြစ်မဲ့ အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ အကြမ်းဖက်သမားများက တိုက်ပွဲများဖော်ဆောင်ခြင်းနှင့် လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး အပါအဝင် လုပ်အားပေးဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ယနေ့ညနေမှ ဇွန် ၁၇ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်


**နေပြည်တော် ဇွန် ၁၁**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၁-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ချက်ထားသည့် ၁၂-၆-၂၀၂၅ ရက်နေ့မှ ၁၇-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**တောင်ကြီး ဇွန် ၁၁**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇွန် ၁၁ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပသည်။

အမျိုးသမီးဆီမီးဖိုင်နယ် ပထမပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။




ထို့နောက် အမျိုးသားဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၁၂ ရက်တွင် အမျိုးသမီးပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## တိုက်ကြီးမြို့နယ်၌ မိုးစပါးရေကြီးနစ်မြုပ် ပြန်လည်စိုက်ပျိုးခဲ့မှုများအား သဘာဝဘေး အစီအမံဖြင့် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**တိုက်ကြီး ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်၍ ပြန်လည်စိုက်ပျိုးခဲ့သည့် တောင်သူများအား သဘာဝဘေးအစီအမံဖြင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက မိုးစပါးရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီး၍ ပြန်လည်စိုက်ပျိုးသော တောင်သူများအား အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအရ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ရပ်ကွက်/ကျေးရွာအုပ်စု စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့နှင့် တောင်သူများလက်ဝယ်သို့ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၅၉၈၇ ဧကအတွက် ငွေကျပ် ၂၉၉၃၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖျာပုံမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြော၍ လက်တွေ့မီးငြိမ်းသတ်

**ဖျာပုံ ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပင်လယ်ငါးဖမ်းရေလုပ်သားများအား အခြေခံကျွမ်းကျင်မှုသင်တန်းတွင် ယနေ့နံနက်ပိုင်းက ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လက်ထောက်မီးသတ်ဦးစီးမှူး ဦးသက်လွင်က ပင်လယ်ငါးဖမ်းစက်လှေများတွင် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နည်းလမ်းများ၊ မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပေါ်လာပါက မီးငြိမ်းသတ်နည်းစနစ်များကို ဟောပြောကာ သင်တန်းတက်ရောက်လာသော ရေလုပ်သားများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများ၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်းများကို မြို့နယ်မီးသတ်ဦးစီးဌာန သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့များက လက်တွေ့မီးငြိမ်းသတ်နည်းများ သင်ကြားပြသခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**

**❂ ရတနာပုံအသင်းမှ**

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Dagon Port အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် တတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယား အလယ်ပိုင်းတက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိလာသည်။ ယခုရာသီတွင် နိုင်ပွဲမရသေးသည့် Dagon Port အသင်းသည် ယခုပွဲတွင်လည်း ဂိုးပြတ်ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရသည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် ဖြိုးခန့်ငြိမ်း၊ ၆၉၊ ၈၉ မိနစ်များတွင် မင်းထက်သာ၊ ၉၀+၃ မိနစ်တွင် လင်းပြည့်အောင်တို့က သွင်းယူသည်။ ရှစ်ပွဲစီကစားအပြီးတွင် ရတနာပုံအသင်းက ၁၀ မှတ်၊ Dagon Port အသင်းက တစ်မှတ် ရရှိထားသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက Junior Lions အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲဆက်ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၄၄ မိနစ်တွင် စောအောင်မျိုးဦးနှင့် ၇၃ မိနစ်တွင် နေဒွန်းတို့က သွင်းယူသည်။ ရှစ်ပွဲစီကစားအပြီး တွင် အား/ကာသိပ္ပံအသင်းက ၁၉ မှတ်၊ Junior Lions အသင်းက ၁၂ မှတ် ရရှိထားသည်။

ပွဲစဉ်(၈) ဒုတိယနေ့ကို ဇွန် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ထွဏ်းသွေးအိမ်**

**ဓာတ်ပုံ - MNL**

# ကျောက်ဆည်ခရိုင်၌ ငှက်ပျောသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဥယျာဉ်ခြံမြေသီးနှံတစ်မျိုးဖြစ်သော ငှက်ပျောသီးကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောမျိုးအနေဖြင့် ဖီးကြမ်းငှက်ပျောမျိုးများကို သားတက်တစ်ပင်လျှင် ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ပင်ကြားတန်းကြား ခုနစ်ပေခန့်အကွာအဝေးဖြင့် တစ်ဧကလျှင် ငှက်ပျောသားတက်အပင် ၈၀၀ ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်ကျော်ခန့်အကြာတွင် ငှက်ပျောခိုင်များကို ခုတ်ယူရောင်းချရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ ခန့်ကုန်ကျပြီး ငှက်ပျောခိုင် ၈၀၀ ခန့်၊ လှည်းအစီးရေအားဖြင့် ၂၀ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူ၍ ပွဲစားများမှတစ်ဆင့် ရွှေသိမ်တော်ဘုရား၊ ကျောက်ဆည်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ငှက်ပျောပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းပါက အကျိုးအမြတ်များရရှိမည်ဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ ■

# ပဲတီစိမ်း(မိုးကြို)သီးနှံများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိ

**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ပဲတီစိမ်း(မိုးကြို)သီးနှံများကို ကျောက်ဆည်မြို့နယ်တွင် ၃၂၉၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၃၉၆၁ ဧက၊ မြစ်သားမြို့နယ်တွင် ၆၀၇ ဧက စုစုပေါင်း ၇၈၆၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

ပဲတီစိမ်း(မိုးကြို)သီးနှံများကို မတ်လတွင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၅-၆ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပဲတီစိမ်း ၁၀-၁၁ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ပဲတီစိမ်းအထွက်နှုန်းနှင့် ဈေးနှုန်း ပိုကောင်းပါက အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ်**
**စီးပွား/ကူးသန်း**

# မြစ်သားမြို့နယ်၌ မိုးသီးနှံ နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မြစ်သား ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် မိုးသီးနှံ နေကြာကို စိုက်ပျိုးထားကြောင်း သိရသည်။



မိုးသီးနှံ နေကြာကို မတ်လနှင့် ဧပြီလတို့တွင်စိုက်ပျိုးကြပြီး ဇူလိုင်လတွင် ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ဆင်းရွှေကြာ (၁-၂)မျိုးနှင့် ရေဆင်းစပ်မျိုး-၁ မျိုးများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ ၄-၅ ပြည်ခန့် ကုန်ကျပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅-၂၆ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုအချိန်တွင် နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း နေကြာသီးနှံစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

# ဘူးသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**ကျောက်ဆည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ဘူးသီးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ဘူးသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် အသီးများခူးဆွတ်ရောင်းချရကြောင်း၊ ဘူးသီးကို စိုက်ပေါင်ပြုလုပ်ပြီး တစ်ကျင်းနှင့် တစ်ကျင်း တစ်ပေခြား၍ စင်တင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဘူးသီးအလုံးရေ ၆၀၀၀-၈၀၀၀ ခန့်ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ ဘူးသီးနှံစိုက်ပျိုးခြင်းသည် ဘူးသီးများသာမက ဘူးညွန့်များကိုပါ ရောင်းချရသောကြောင့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**၁၁-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၁၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၃၅၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၄၄၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၅၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၂၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၅၅၀၀ | ၁၅၅၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၅၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၂၇၅ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၀၇၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၉၅၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၆၉၅၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၈၆၀၀ | ၆၈၈၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၄၀၀ | ၁၃၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၂၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၈၈၀၀ | ၆၈၈၅ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၆၀၀ | ၁၃၈၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၈၀၀၀ |

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## တွံတေးခရိုင်
## (၂/၂၀၂၅-၂၀၂၆) အိတ်ဖွင့်တင်ဒါ
## (Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တွံတေးခရိုင်အတွင်းရှိ မြို့နယ်များမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁၈-၆-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) |
| (ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - | ၂၄-၆-၂၀၂၅ရက် (အင်္ဂါနေ့) |
| (ဂ) တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် | - | ညနေ(၄:၀၀)နာရီ |
| (ဃ) အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်မည့်ရက် | - | ၂၆-၆-၂၀၂၅ရက်(ကြာသပတေးနေ့) |
| (င) အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့် အချိန်/နေရာ | - | (၁၀:၀၀)နာရီ တွံတေးခရိုင်ရုံး၊ လမ်းဦးစီးဌာန၊ တွံတေးမြို့ ဖုန်း-၀၄၅-၂၀၅၀၄၂၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တွံတေးခရိုင်၊ တွံတေးမြို့တွင် (၁၈-၆-၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်တွင် School-Cum-Shelter(၁၃၀'x၃၀') (၁)လုံး တည်ဆောက်မည်ဖြစ်၍ မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင် ရောင်းချမည့်ရက်** | - | ၁၂-၆-၂၀၂၅ရက် (ကြာသပတေးနေ့) |
| (ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - | ၂၅-၆-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးပြန်လည် တင်သွင်းရမည့်ရက်/အချိန်** | - | ၂၅-၆-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ (၁၆:၃၀)နာရီ |
| (ဃ) **တင်ဒါရောင်းချမည့်နေရာ** | - | ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့ |

၂။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၃၀၃၆၁ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊**
**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင် ရပ်ကွက်၊ အကွက်အမှတ်-၄၀၆၊ ဦးပိုင်အမှတ်(၈၂/၁-ည)ကန်တော် ကြီးပတ်လမ်းနှင့် ရွှေစိန်ပန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်သီတာစမ်း၏ (SP ရရှိသူ ဦးရှိုင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၈၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးစုထွန်း(ခ)နီနီလွင်[၁၃/တကန(နိုင်)၀၀၃၉၄၃]က အမှုတွဲအမှတ်(၀၃၃၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၆ကော၊ မြေကွက်အမှတ်-၁၁၁ဂျီ ၁/အေ-၂၊ ဧရိယာ-၀.၁၄ ဧကရှိ မြေပိုင်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၆ကော၊ မြေကွက်အမှတ် -၁၁၁-ဂျီ-၁/အေ-၃+၁၁၁ဂျီ- ၂/ဘီ(လမ်း)၊ ဧရိယာ-၀.၀၂၁ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ဝင်း(ခ)ချင်ကက်မွန် (ဘ)ရီစွန်တန်(ခ)ဦးသန်း[၁၂/တမန (နိုင်)၀၅၆၈၄၄]၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၃၉၃၀၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ထိန်းသိမ်းရေး နေပြည်တော်မှ ၂၀၂၅ - ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော် (ထိန်းသိမ်းရေး) ငွေစာရင်းဌာနစိတ် နှင့် ဖုန်း ၀၉- ၅၀၉၆၀၀၁၊ ၀၉-၄၂၁၀၇၀၁၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်/ရက်/အချိန် (Profile အထောက်အထားများ တင်ပြရမည်) | - | (၁၆ - ၆ -၂၀၂၅)ရက် (ရုံးချိန်အတွင်း) |
| (ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်နေ့ | - | (၂၀- ၆ -၂၀၂၅ )ရက်၊ ညနေ ၄:၃၀နာရီ |
| (ဂ) နမူနာပစ္စည်းလက်ခံမည့် နောက်ဆုံးရက်နှင့်အချိန် | - | (၂၄ - ၆ -၂၀၂၅ )ရက်မှ (၂၅ - ၆ ၂၀၂၅) ရက်ထိ (ရုံးချိန်အတွင်း) |
| (ဃ) ဈေးနှုန်းအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးမည့် ရက်နှင့် အချိန် | - | (၂၆ - ၆ -၂၀၂၅ ) ရက် နံနက်( ၁၀ : ၀၀ )နာရီ |
| (င) တင်ဒါဖွင့်ဖောက် စစ်ဆေးမည့်နေရာ | - | ညွှန်ကြားရေးမှူးရုံးဝင်း၊ ခမ္မာရုံ၊ ဘဲကုန်းဆည်မြောင်းဝင်း |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၈

ဒေါ်ခိုင်ဇာဝင်း ပါ ၄ နှင့် ဒေါ်မောင်းမံ ပါ ၃
**(တရားလိုများ)** **(တရားပြိုင်များ)**

အမှတ်(၁၇၀/၁၇၅)၊ အခန်း(၈၀၆/၃၁၂)၊ MGW Tower၊ ဗိုလ်အောင်ကျော်လမ်း(အလယ်)၊ ဗိုလ်တထောင်မြို့နယ်နေ ၂။တရားပြိုင် မောင်ကြည်ဇော်မိုးနှင့် ၃။ တရားပြိုင် မောင်ကျော်စွာမိုး (ကွယ်လွန်သူဦးနေဝင်း၏ တရားဝင်ကိုယ်စားလှယ်များ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **အချင်းဖြစ်အဆောက်အဦ၌ အနှောင့်အယှက်မရှိ နေထိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇွန်လ (၃၀)ရက် (၁၃၈၇ ခုနှစ်၊ နယုန်လကွယ် ၆ ရက်)နေ့ နေမွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၁၇၅၊ (၃၁၂၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၁၇၅)၊ အနော်ရထာ(၅)လမ်း၊ ၂၂ရွှေပေါက်ကံ၊ ဦးစောအောင် (BQ-၀၁၉၇၉၀) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစောအောင်(ခင်ပွန်း)သည် (၂၁-၉-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်မြင့်မြင့်ရီ [၁၂/အစန(နိုင်)၀၀၇၆၆၃]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ ၎င်းမှတစ်ပါး အခြားဇနီးမယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ အမှတ်-(၄၀၆/၂၀၂၃/၁၇-၇-၂၀၂၃) ထောက်ခံကျမ်းကျိန် လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ပါမစ်မူရင်း (မပြည့်စုံ)၊ (ခါတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်သာတင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများစာရင်း စာရွက်မပါ)၊ လျှောက်ထားသူ ဒေါ်မြင့်မြင့်ရီမှ ဝင်စာအမှတ်- ၁၄၃၁၃/၁၄-၁၁-၂၀၂၄ ရက်စွဲပါစာဖြင့် အထက်ပါမြေကွက်အကျယ် (၆၀x၈၀)ပေမှာ လမ်းတံတား တည်ဆောက်မှုတွင် ပါဝင်သွားပါသဖြင့် လက်ရှိအကျယ်အဝန်း (၃၉x၈၀)ပေသာ ကျန်ရှိတော့သည့်အတွက် ဂရန်သစ် လျှောက်ထားရာတွင် အဆိုပါလက်ကျန် အကျယ်အဝန်း (၃၉x၈၀)ပေဖြင့်သာ လက်ခံ ရယူမည်ဖြစ်ပါကြောင်း မြေပြင်တွင် မြေကွက်ပိုင်ရှင်မဟုတ်သူ ဒေါ်ဝါဝါလှိုင်မှ ဦးစိုးမြင့်အား အစောင့် ထားရှိကြောင်း သိရှိရခြင်းနှင့်ပတ်သက်၍ နှစ်(၆၀)ဂရန်သစ် ရရှိမှသာလျှင် ဝင်ရောက်ကျူးကျော် နေသူများအား တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ဂရန်သစ်အား ထုတ်ပေးနိုင်ပါရန် ရှင်းလင်းစာတို့တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၁၃၁၊ မြေကွက်တည်နေရာအမှတ်-၁၃၁၊ ရဲရန်နိုင်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ခင်လေးတင့်) [၁၂/ဗဟန(နိုင်)၀၇၄၇၃၀] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၂၇/၂၀၂၅ ဖြင့် ဦးမင်းဇော်အောင်နှင့်ဒေါ်ရတနာခင်ဇော် တို့မှ(တရားလို)ပြု၍ ဒေါ်ခင်လေးတင့်အပေါ် (တရားပြိုင်)ထားကာ "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် တရားလိုတို့တောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် (၅-၃-၂၀၂၅) ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်-၄၅/၂၀၂၅ ၏ (၂၅-၄-၂၀၂၅)ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၂၅-၄-၂၀၂၅) ရက်စွဲပါအကြောင်းကြားစာနှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အိတ်ဖွင့်တင်ဒါ( Open Tender )ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့်ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများမှ ဆောင်ရွက်မည့် ကတ္တရာလမ်းလုပ်ငန်းများအတွက် လိုအပ်သော(၈၀/၁၀၀)အမျိုးအစားကတ္တရာ(၂၃၁.၈၆၃)တန်၊ (၆၀/၇၀)အမျိုးအစားကတ္တရာ(၃.၂)တန်နှင့် ရေရောအမျိုးအစားကတ္တရာ(၀.၄၅၄)တန်အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစတိုအရောက်ဈေးနှုန်း ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့ရက်/အချိန် | - | (၁၃-၆-၂၀၂၅ )မှ (၂၆-၆-၂၀၂၅ )ရက်နေ့ အထိ(ရုံးချိန်အတွင်း) |
| တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် | - | (၂၆-၆-၂၀၂၅ )ရက်နေ့(ရုံးချိန်အတွင်း) |
| တင်ဒါတင်သွင်းရမည့်နေရာ | - | ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | သီးခြားအကြောင်းကြားပါမည်။ |

၃။ ကတ္တရာဈေးနှုန်းအရ တန်အရေအတွက် ပြောင်းလဲမှုရှိနိုင်ပါသည်။

၄။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း(၀၉-၄၀၃၇၁ ၂၅၀၇)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက်(၂)လမ်း၊ တိုက်အမှတ်(၁၁)၊ ဒုတိယထပ် (၃)လွှာဘီ၊ ခြေရင်းခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ယုယုခိုင်[၁၄/ပသန(နိုင်)၂၅၂၈၇၂]မှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အဆိုပြုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လွင်[၁၂/အလန(နိုင်)၀၁၃၀၆၄]မှအပိုင်ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်စင်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၈၃)**
**အမှတ်(၂၈)၊ ပထပ်၊ အေးလမ်း၊ စော/ရှေ့ ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၁၁၄၀၁၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဦးအောင်ဇေယျ(၅)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၉၈/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးရွှေဒေါင်း အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဒေါ်နှင်းနှင်းမာ[၁၂/ဒလန(နိုင်)၀၆၀၂၃၃]+၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာရောင်းဖိုးစရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၆၁၂/ခ)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးဝင်းမောင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းဟန် [၁၂/လမတ(နိုင်)၀၀၀၅၆၆] ထံမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၆၁၃/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးတင်ငွေ အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့်အိမ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းစိုးအောင် [၁၂/လမတ(နိုင်) ၀၂၅၄၆၅]ထံမှသော်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၉၉)၊ အကျယ်(၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်တင်လှိုင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဦးမြင့်နိုင်[၁၂/ဒလန(နိုင်)၀၃၂၅၇၁]+၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဆည်မြောင်း (၂)လမ်း၊ အမှတ်(၇၁၄)၊ ဧရိယာ အကျယ်အဝန်း(အလျား ၄၀ပေ x အနံ ၆၀ပေ)ရှိ မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းဝင်းအမည်ပေါက်လျက်ရှိပြီး ထိုမြေအနက်မှ ခြေရင်းဘက်ခြမ်း(အလျား ၁၀ပေx အနံ ၆၀ပေ) မြေ၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို ရောင်းသူ ဒေါ်စန္ဒာဝင်း[၁၂/ဥကတ(နိုင်)၁၃၇၀၃၆]က ရန်ကုန်မြို့ မှတ်ပုံတင်စာချုပ်စာတမ်းရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၇၀၈)အရ ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုရာ (၁၀-၆-၂၀၂၅) ရက်နေ့တွင် ဝယ်ယူသူ ဒေါ်တင်အေးခိုင်[၂/လကန(နိုင်)၀၅၂၁၀၄]မှ ဝယ်ယူလိုသဖြင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းကာ အရောင်းအဝယ် ပြုလုပ်ရန်သဘောတူညီကြပြီး စရန်ငွေအချို့ပေးချေထားပြီး ဖြစ်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်တင်အေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးဇော်လေး**
**အထက်တန်းရှေ့နေ (စဉ်–၂၃၂၅၃/၂၀၀၄)**
**အမှတ်–၅၈(B–4)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၅၄၀၈၀၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် –၄၂၊ မြေကွက်အမှတ်–၁၁၄၀/က၊ ဧရိယာ–၀.၀၂၇၅ ဧက အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိ ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းယုဇံ[၁၂/လသန(နိုင်)၀၁၉၈၄၁]နှင့် ဒေါ်နန်းဆုပွင့်ဖြူ[၁၃/နခန(နိုင်)၀၆၁၄၅၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်ဝင်း [၁၁/စတန (နိုင်) ၀၆၇၂၀၉]နှင့် ဒေါ်မြင့်နန္ဒာစိုး[၁၁/မပတ(နိုင်)၀၈၆၂၄၂]ကိုင်ဆောင်သူတို့မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လမင်းထက်(LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၆၅၁/၂၃)**
**အမှတ်(၁၁၀)၊ ပထမထပ်၊ (၃၉)လမ်း(အောက်ဘလောက်)၊**
**ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09–250064297**

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏အမှုသည် ဦးနေလင်းဦး (ဘ)ဦးအောင်ကျော်ဦး[၁၂/မရက(နိုင်)၁၆၁၈၉၅]နှင့် ဒေါ်စိမ့်စန္ဒာယု (ဘ)ဦးမြသန်း[၁၂/ဒဂရ(နိုင်)၀၀၃၂၃၉]တို့သည် မြန်မာနိုင်ငံနှင့်ကနေဒါ နိုင်ငံအကြား **(Video Conference System)**ဖြင့် နှစ်ဖက်အသိသက်သေများ ရှေ့မှောက် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်နှင့် ပစ္စည်းခန်းခွဲဝေခြင်း ကတိစာချုပ်တို့ကို (၂၀-၃-၂၀၂၅) ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုပြီးဖြစ်၍ ကျွန်ုပ်၏အမှုသည် ဦးနေလင်းဦးနှင့်ဒေါ်စိမ့်စန္ဒာယုတို့သည် လင်ခန်း၊ မယားခန်း၊ ပစ္စည်းခန်းများအားလုံး ပြတ်စဲခွဲဝေပြီးဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်ဇင်ဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၃၅၆)**

| | |
|---|---|
| **ဒေါ်ဝါဝါဝင်းသူ** | **ဒေါ်ယဉ်သူဇာ** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၀၁၉ )** | **အထက်တန်းရှေ့နေ(စဉ်–၅၆၄၁၆)** |

**အမှတ်(၄၂၄)၊ ဘိုးရာဇာလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၀၀၈၉၆၃၀၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂၄

| | | |
|---|---|---|
| ဦးတင်မြင့် | နှင့် | ၁။ ဦးရဲဗိုလ်ဗိုလ် |
| | | ၂။ ဒေါ်ဆွေဆွေရီ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ (၆)လွှာ၊ ပဉ္စမထပ်(ယာ)၊ အမှတ်(၁၉၃)နေ (ယခုနေရပ်လိပ်စာမသိ) (၂) တရားပြိုင် ဒေါ်ဆွေဆွေရီ သိစေရမည်။**

သင့်အပေါ်၌ တရားလိုက "ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု " ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၇)ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသီတာဝေ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ နေမင်းစန္ဒာကိုယ်ပိုင်အထက်တန်းကျောင်းမှ ဦးသုမောင်၏သား Grade–6 မှ မောင်လင်းသုသျှန် အား မောင်သူရိန်လင်းသာ ဟုပြောင်းလဲခေါ်ပါရန်နှင့် Grade–3 မှ မောင်ဇေဘုန်းလျှန် အား မောင်ဘုန်းမင်းတေဇာ ဟုပြောင်းလဲခေါ်ပါရန်။

**ဦးသုမောင်**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ၆၁/၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာလမ်း၊ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်–3B၊ Level–8၊ အခန်းအမှတ်–0807၊ (၆၀၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်သူများဖြစ်သော ဦးမင်းကျော်ဉာဏ်လင်း (ဘ) ဦးမင်းဉာဏ်ရှိန်[၁၂/တမန(နိုင်)၀၉၃၃၁၁]နှင့် ဒေါ်တင်မိုးမိုးငြိမ်း (ဘ) ဦးတင်ငြိမ်း[၁၂ / မဂတ (နိုင်)၀၀၂၈၈၅]တို့က အရှုပ်အရှင်း ကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည့် တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသက်လှိုင် (ဘ) ဦးစိုးလှိုင်**
**[၁၂/ဒဂတ (နိုင်)၀၄၆၂၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဟန်လင်းကျော် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၃၅၈/၂၀၂၃)**
**အမှတ်–၁၂၈၃၊ ၄–လွှာ၊ စံပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၃၅၇၂၁၁၊ ၀၉–၉၅၀၄၄၄၅၂၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော်ဦးရဲဝင်း [၁၂/သဃက(နိုင်)၁၈၂၇၁၂]၊ အမှတ်(၁၉)၊ ဦးညိုလမ်း၊ ရတနာသီရိအိမ်ရာ၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် နေထိုင်သူ၏သား မောင်တေဇ [၁၂/သဃက(နိုင်)၁၈၁၈၆၁]သည် မိဘများကိုစိတ်ဆင်းရဲအောင် အမြဲပြုလုပ်ခြင်း၊ ရိုင်းပျစွာဆက်ဆံပြောဆိုခြင်းတို့ကြောင့် သွာနုတ္တသားသမီးအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးရဲဝင်း [၁၂/သဃက(နိုင်)၁၈၂၇၁၂]**

## "အများသိစေရန်"

ဦးပြည့်ဖြိုးပိုင်[၁၄/ဒဂပ(နိုင်)၁၉၈၇၉၅]ကိုင်ဆောင်သူနှင့် ဒေါ်သော်ဇင်ထွန်း[၇/ရကန(နိုင်)၀၆၀၄၄၉]ကိုင်ဆောင်သူတို့သည် (၂၀၁၆)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းရာမှ သမီး မဆောင်းနန္ဒီထွန်း (၈)နှစ် ထွန်းကားခဲ့ပြီး ၁၉–၅–၂၀၂၅ ရက်နေ့က ဦးပြည့်ဖြိုးပိုင်နှင့် ဒေါ်သော်ဇင်ထွန်းတို့သည် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်အားချုပ်ဆို၍" နှစ်ဦးသဘော ဆန္ဒအလျောက် မည်သူတစ်ဦးတစ်ယောက်၏ ခြိမ်းခြောက်သွေးဆောင်ခြင်းအလျဉ်းမရှိဘဲ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်းနှင့် ဦးပြည့်ဖြိုးပိုင်သည် ဒေါ်သော်ဇင်ထွန်းအား ဇနီးအဖြစ်မှ အပြီးအပိုင်ကွာရှင်းစွန့်လွှတ်ပြီးဖြစ်သဖြင့် ၁၉–၅–၂၀၂၅ရက်နေ့မှစ၍ ဦးပြည့်ဖြိုးပိုင်နှင့် ဒေါ်သော်ဇင်ထွန်းတို့သည် မည်သို့မျှ လူမှုရေး၊ စီးပွားရေး ပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **"လွှဲအပ်သူ"** | **"လွှဲအပ်ချက်အရ"** |
| **ဒေါ်သော်ဇင်ထွန်း** | **ဒေါ်မီမီအောင် (LL.B)** |
| **အမှတ်(၈၅၅)၊ ရဲကျော်သူရလမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **(၁၆၈)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်။** | **(စဉ်–၁၈၇၇၆) (၃၀–၁၁–၂၀၂၃)** |
| **ဖုန်း–၀၉–၇၅၂၅၈၄၅၈၂** | **ဖုန်း–၀၉–၄၅၁၃၀၈၄၀၀** |

**အိမ်–အမှတ်(၉၆၈)၊ မြကျောင်းသာလမ်း၊**
**(၈၅)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်။**
**ရုံး– တိုက်(၃၈)၊ အခန်း(၂၁၂)၊ ကနောင်အိမ်ရာ**
**အပိုင်း(၂)၊ ဒဂုံ(ဆိပ်ကမ်း) မြို့နယ်။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂၃

| | | |
|---|---|---|
| ဦးတင့်လွင် | နှင့် | ၁။ ဦးရဲဗိုလ်ဗိုလ် |
| | | ၂။ ဒေါ်ဆွေဆွေရီ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်း၊ (၆)လွှာ၊ ပဉ္စမထပ်(ယာ)၊ အမှတ်(၁၉၃)နေ (ယခုနေရပ်လိပ်စာမသိ) (၂) တရားပြိုင် ဒေါ်ဆွေဆွေရီ သိစေရမည်။**

သင့်အပေါ်၌ တရားလိုက "ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု " ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၇)ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းသီတာဝေ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်–၃၄၈၊ အကျယ်(၄၀'x ၆၀')၊ မြေအမျိုးအစား – ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်–၃၄၈၊ ကုန်းဘောင်လမ်း၊ (၁၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် **ဦးအုန်းကြွယ်[၁၂/ကခက(နိုင်)၀၄၂၈၀၅]**အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ **ဦးကျော်ကျော်[၁၂/သဃက(နိုင်)၁၄၃၄၆၄]**က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၅)**
**အမှတ်(၅၀)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၀၃၈၄၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တလုတ္တော်ကျေးရွာ၊ ကွင်းအမှတ်–၈၇၊ ကွင်းအမည်–တလုတ္တော်ကွင်း၊ ဦးပိုင်လုပ်ကွက် အမှတ်–၃၈/၃၊ ဦးသိန်းဇော်ဝင်း အမည်ပေါက်၊ လယ်ယာမြေပုံစံ(၇)ရရှိထားသော ဥယျာဉ်မြေ(၂.၄၀)ဧကနှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ဦးပိုင်လုပ်ကွက်အမှတ်–၄၃၊ ဦးအောင်ကျော်စိုး အမည်ပေါက် လယ်ယာမြေ (ပုံစံ–၇)၊ (၄၈၂/လယ–၄ လယ်စီ)၊ ဥယျာဉ်ခြံအမျိုးအစား (၂.၄၀)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ **၁။ ဦးအောင်ကျော်စိုး (ဘ) ဦးလှမြင့်** [၁၂/တတန(နိုင်)၀၀၄၀၃၅]၊ **၂။ ဦးသိန်းဇော်ဝင်း (ဘ) ဦးလှမြင့်** [၁၂/တတန(နိုင်)၀၀၉၁၅၃]တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်နွေနွေအောင်**က စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးမောင်မောင်သန်း** | **ဦးသိန်းနိုင်** | **ဒေါ်ချိုချိုခိုင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၈၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၀၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၁၅)** |

**အမှတ်–၉/၁၁၊ အခန်း(၃၀၁)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၄၈၀၂၂၉၀၀၊ ၀၉–၄၄၃၁၅၁၂၈၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ Estella Town Houses၊ မြေနှင့်အဆောက်အဦ အမှတ် (ETH – 28)၊ လမ်းအမည်– Lane–1၊ မြေအကျယ်အဝန်း (၁၂၁၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျယ်အဝန်း (၁၂၇၇)စတုရန်းပေရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝေတိုးကျော် [၁၂/တမန(နိုင်)၁၀၅၈၉၇]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၀၈)**
